ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ကျောက်ကြီးတောင်ကျေးရွာ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာခနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၂ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၄ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၆ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၉ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၁ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၈ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၀ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၂ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး - ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြံရူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချိုးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

**လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး**

**(၂၀၁၇-၂၀၁၈) ခုနှစ်**

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-ကျောက်ကြီးတောင် ရက်စွဲ ၁၇.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

ကယန်းသာယာ(တောင်)ကျေးရွာသည်ကယားပြည်နယ်၊လွိုင်ကော်မြို့နယ်၊ နွားလပိုးအုပ်စု အတွင်း တွင်ပါဝင်ပါသည်။ကယန်းသာယာ(တောင်)ကျေးရွာ၏အရှေ့ဘက်တွင် လယ်ထွဲကျေးရွာ၊ တောင်ဘက်တွင် နွားလပိုးရွာမကျေးရွာ၊မြောက်ဘက်တွင် ကယန်းသာယာ(မြောက်)ကျေးရွာ တည်ရှိပြီး အနောက်ဘက်တွင် ထီရိကျေးရွာ ရှိပါသည်။ ကယန်းသာယာ(တောင်) ကျေးရွာ မတည်မှီတွင် ယခုနေထိုင်သည့် ကျေးရွာနှင့် (၂)မိုင် ခန့်ကွာဝေးသည့် နေရာတွင် စတင်နေထိုင်ခဲ့ ကြပါသည်။ထိုအချိန်က "ကယန်းသာယာ" ဟုသာခေါ်သွင်ခဲ့ကြပါ သည်။ထိုရွာဟောင်း "ကယန်းသာယာ"ကို လွန်ခဲ့သော (၁၉၆၉)ခုနှစ်တွင် ဟန်အို(လအီ)ကျေးရွာတွင် နေထိုင် ကြသော ဦးကောင်း ၊ဦးဂယ် ၊ဦးထျန်းတို့ သည် စားဝတ်နေရေးအခက်အခဲကြောင့် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့လိုရာ ကုန်းသာကျေးရွာတွင် နေထိုင်ကြသောဦးက၊ဦးထီးတို့နှင့် တွေ့ဆုံခဲ့ရာ၎င်းတို့က လုပ်ကိုင် စားသောက်၍အဆင်ပြေနိုင်သော ထီရိကျေးရွာ၏မြောက်ဘက်(၂)မိုင်အကွာ အဝေးခန့်နေရာကို လမ်းညွှန်ပေးခဲ့ ပါသည်။ ထို့နောက်ရွာသူကြီး ဦးဟိုက်နှင့် ဓမ္မဆရာဦးဘလန်း ၊ ဦးဂယ်တို့က နွားလပိုး ၊နိုးကိုးအုပ်စုရှိ ဦးကူးဒူ ၊ ဦးစောကနတို့နှင့် တိုင်ပင်ပြောကြားကြရာ ၎င်းတို့မှ နေထိုင်ရန်သင့်လျော်ကြောင့် ထောက်ခံအားပေးခဲ့သဖြင့် ၎င်းနေရာသို့ လူ(၁၈)ဦးခန့် ဦးစွာရွှေ့ ပြောင်းနေထိုင်ခဲ့ကြပါသည်။ ထို့နောက်သက်ဆိုင်ရာ လူကြီးမင်းများ နှင့် တိုင်ပင်ဆွေးနွေးခဲ့ရာ ကယားပြည်နယ်အစိုးရ နိုင်ငံတော်ကောင်စီဝင်ဦးသိုင်းသန်းတင်က သဘောတူလက်ခံခဲ့ ပြီး ရွာအမည်ကို ကယန်းသာယာကျေးရွာဟု အမည်ပေးခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် စားဝတ်နေရေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေဖို့ရန်ရည်ရွယ်ပြီး (၁၉၇၂)ခုနှစ် တွင် ကယန်းသာယာကျေးရွာမှ မိသားစု(၇)ဦးမှ ယခုလက်ရှိနေထိုင်သည့် ကား လမ်းမကြီးလမ်းဆုံလမ်းခွသို့ ရွှေ့ပြောင်းလာကြပြီး ရွာအသစ်လာရောက်တည်ကြသည်။

ယခုလက်ရှိ လမ်းဆုံလမ်းခွနေရာသည် ယခင်တည်ရှိခဲ့သောရွာဟောင်း၏တောင်ဘက်အရပ်တွင် တည်ရှိခဲ့သောကြောင့် ကယန်းသာယာ (တောင်)ဟု အမည် ပေးခဲ့ကြခြင်း ဖြစ်ပါသည်။ ကယန်းသာယာကျေးရွာကို ဦးဟိုက် ၊ဦးတို ၊ ဦးဘလန်း အပါအဝင် (၁၄)ဦးတို့မှ ဦးဆောင် တည်ထောင်ခဲ့ကြပါသည်။

ကယန်းသာယာ(တောင်)ကျေးရွာသည် (၁၉၈၆ - ၁၉၈၇)ခုနှစ်အတွင်း ကျေးရွာတစ်ရွာလုံး ဝမ်းပျက်၊ ဝမ်းလျော ၊ဂက်သက်ရောဂါများ ဖြစ်ပွားကာ လူအများသေဆုံးကြသည်။ ထိုသို့ရောဂါ များဖြစ်ပွားသောကြောင့် တစ်ချို့ သောမိသားစုဝင်များမှာ နာနတ်တောကျေးရွာ နှင့် အနောက် ပဒေါင်သို့ ပြောင်းရွှေ့ သွားကြသည်။ လေငန်းဖျားရောဂါမှာ ထိုနှစ်အတွင်းဖြစ်ပွားပြီး သေဆုံးမှုမှာ လည်းများပြားပါသည်။သို့သော် တစ်ရွာလုံးနီးပါး မဖြစ်ပွားခဲ့ပါ။(၂၀၁၄ )ခုနှစ်တွင် ကျေးရွာအတွင်း ပြင်းထန်သောလေပြင်းများ တိုက်ခတ်ခဲ့ပါသည်။ လေပြင်းကြောင့် ကျေးရွာအိမ်အများစု ပျက်စီး သွားပြီး ဒုက္ခများကြုံတွေ့ခဲ့ရပါသည်။(၂၀၁၇)တွင် ထပ်မံ တိုက်ခတ်ခဲ့သော်လည်း ပထမအကြိမ် လောက်ပြင်းထန်မှုမရှိတော့ပါ။ (၄-၅)အိမ်သာ အနည်းငယ်ပျက်စီးသွား ခဲ့ပါသည်။

ကျေးရွာအနေဖြင့် ကျေးရွာရွာသချိုင်းကို မူလကျေးရွာတည်စလမ်းခွအနီး တောင်ကုန်း ပေါ်တွင် ရှိသော်လည်း (၁၉၉၇-၁၉၉၈)ခုနှစ်တွင် နိုင်ငံရေးအရ ပြောင်းရွှေ့ ခဲ့ရပြီး ရွာတည်စ အထိမ်းအမှတ်ဖြင့် (၁၉၈၃)ခန့်တွင် လမ်းခွတွင် ဘာသာရေးအမှတ်အသားဖြစ်သည့် လက်ဝါး ကပ်တိုင်ကို ထားရှိသော်လည်း (၁၉၉၇ -၉၈)ခုနှစ် တွင် နိုင်ငံရေး အခြေအနေကြောင့် ဖြိုဖျက်ခဲ့ ရပါသည်။


| | |
|---|---|
| ပါဝင်ဆွေးနွေးသူ | မှတ်တမ်းတင်သူ |
| ကျား - ၄၉ ဦး | အမည် - ဒေါ်ခင်မြိုင်ဝင်း |
| မ - ၃၄ ဦး | ရာထူး -လူထုစည်းရုံးရေးမှူး |

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၂၀၁၇.၁၀.၃၀ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၄၉ | ၃၄ | ၈၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၂၀၁၇.၁၀.၃၀ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၄၉ | ၃၄ | ၈၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၇.၁၀.၃၀ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၉ | ၃၄ | ၈၃ | အမျိုးသမီးနှင့် မျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသ ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၂၀၁၇.၁၀.၃၀ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၄၉ | ၃၄ | ၈၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၀၁၇.၁၀.၃၀ | အမျိုးသား၊ အမျိုးသမီးများ | ၄၉ | ၃၄ | ၈၃ | အမျိုးသား၊အမျိုးသမီးများ ဘတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ဖွဲ့အစည်းချိတ်ဆက်ပုံ(Ver Diagram) | ၂၀၁၇.၁၀.၃၀ | ျးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အု ရေးအဖွဲ့၊ကျေးရွာစီထောက် ဖွဲ့ | ၄၉ | ၃၄ | ၈၃ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော်.   ကျေးရွာအုပ်စု-နွားလပိုး.   ကျေးရွာ-ကျောက်ကြီး(တောင်)   ရက်စွဲ -၁၇.၁၀.၂၀၁၇



ပါဝင်ဆွေးနွေးသူ -

ကျား -၃၂ဦး

မ   - ၂၂ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဂင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ကျောက်ကြီး(တောင်)ကျေးရွာတွင် အိမ်ခြေ(၃၅)အိမ် ရှိပါသည်။ ကျေးရွာတစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြပြီးပအိုဝ့်လူမျိုးအများဆုံးနေထိုင်ကြပါသည်။ ဘုန်းကြီးကျောင်း(၁)ကျောင်းရှိပြီး စေတီတစ်ဆူတည်ရှိပါသည်။ ကယား(၂)အိမ်နေထိုင်ကြပါသည်။ ကျောက်ကြီး(တောင်)၏ အဓိက အသက်မွေးဝမ်းကျောင်းမှာ တောင်ယာ၊လယ်ယာစိုက်ပျိုးခြင်းဖြစ်ပါသည်။ ကျေးရွာအတွင်း စပါးကိုသာ အဓိကစိုက်ပျိုးပြီး ပြောင်း၊ ကောက်ညှင်း(အမဲ)၊ ပဲစင်းငုံ၊ ဌက်ပျော်သီးတို့ကို စိုက်ပျိုးကြသည်။ ကျေးရွာအနေဖြင့် တောင်ယာ၊ လယ်ယာပိုင်ဆိုင်မှု နည်းပါးကြသဖြင့် တောင်ယာငှားပြီး လုပ်ကိုင်စားသောက်ကြရပါသည်။

ကျေးရွာအတွင်း အလုပ်ပါးသောအချိန်များ၊ နားသောအချိန်များတွင် ရွာနီးနားသို့ တောင်ယာ၊ လယ်ယာနေ့စားအငှားလိုက်ခြင်း၊ ပန်ရံလုပ်ခြင်း၊ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ ကျေးရွာအတွင်း ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်ကြသောသူများလည်း ရှိပါသည်။ အလုပ်များရှားပါးလာသောကြောင့် စားဝတ်နေရေး အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ ကျေးရွာအတွင်း အဆောက်အအုံများမှာထရံ၊ သွပ်မိုးဖြင့်ဆောက်လုပ်ထားသော အိမ်ငယ်လေးများ ဖြစ်ပါသည်။ အုတ်တိုက်ဖြင့်တည်ဆောက်ထားသော အိမ် (၂)လုံးခန့်ရှိပြီး ထရံ၊သွပ်မိုး ပျဉ်ထောင်အိမ် (၃)လုံးခန့် သာရှိပါသည်။

ကျေးရွာရွာတွင်းလမ်းများအားလုံးမှာ မြေသားလမ်းများဖြစ်သောကြောင့် လမ်းများ ဆိုးရွားပါသည်။ (၂၀၀၅ - ၂၀၀၆)ခုနှစ်တွင် UNDPမှ ရွာတွင်းလမ်း အနည်းငယ် ပြုပြင်ပေးခဲ့သော်လည်း ယခုအခါ ထိန်းသိမ်းမှု နည်းပါးခြင်း အချိန်ကြာမြင့်နေခြင်း တို့ကြောင့် ပျက်စီးနေပြီဖြစ်ပါသည်။ ကျေးရွာမှာ သေးငယ်ပြီး ကုန်းမြင့်အနည်းငယ်ရှိသောကြောင့် လမ်းများတည်ကျမှန်ကန်စွာ သတ်မှတ်မှု မရှိသေးပါ။ ကျေးရွာအတွင်း ရေထွက်ပေါက်တစ်ခုရှိသောကြောင့် ရေလုံလောက်မှုရှိပါသည်။ သို့သော်ရွာနီးနားများလာရောက်ခပ်ယူသည့်အချိန်များတွင် ရေအခက်ခဲအနည်းငယ်ကြုံတွေ့ရပါသည်။

ကျေးရွာအတွင်း စာသင်ကျောင်းမရှိသေးသည့်အတွက် နွားလပိုးရွာမသို့ သွားရောက် ပညာသင်ကြားရပါသည်။ ထိုသို့ကျောင်းသို့သွားရောက်ရာတွင် စက်ဘီးဖြင့်သော်လည်းကောင်း၊ ကျောင်းကားဖြင့်သော်လည်းသွားကြပါသည်။ စက်ဘီးစီးသောကလေးများအတွက် ကားများ၊ ဆိုင်ကယ်များအန္တရယ်ကိုစိုးရိမ်မှုကိုကြုံတွေ့ရပါသည်။ ကျောင်းကားဖြင့်သွားသောကြောင့် ထိုသို့ ပေးရသောစရိတ်အတွက်လည်း ငွေရေးကြေးရေး အခက်အခဲကြုံတွေ့ရပါသည်။ ကျောက်ကြီး(တောင်) တွင်ပညာသင်ကြားနေသောကျောင်းသာ/ကျောင်းသူစုစုပေါင်း(    ) ဦး ရှိပါသည်။ အထက်တန်းပညာ နှင့်တက္ကသိုလ်ပညာပြီးဆုံးသူမရှိသေးပါ။ ပညာရေးနောက်ကျကျန်ခဲ့နေပါသည်။ ပညာဗဟုသုတများ လည်းနည်းပါးကြသောကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ပါသည်။

ကျေးရွာအတွင်း ဆေးပေးခန်းများမရှိပါ။ နေမကောင်းဖြစ်ပါက ဆေးပေးမှီးတိုဖြင့်သာ ကုသကြသည်။ ဆေးခန်းကိုကယန်းသာယာ(တောင်)ကျေးလက်ဆေးခန်းသို့ သွားရောက်ပြသကြရ ပါသည်။ အသက်အန္တရယ်စိုးရိမ်ရမှသာ ဆေးခန်း၊ ဆေးရုံသို့သွားရောက်ကြပါသည်။ ကျေးရွာအတွင်း မီးရရှိပြီဖြစ်ပြီး တစ်ရွာလုံးမီးရရှိသော်လည်း မီတာမဝယ်နိုင်သေးသောအိမ်များလည်း ရှိနေပါသေးသည်။

ကျေးရွာအတွင်း အခြေခံအဆောက်အအုံများ အနေဖြင့်စာသင်ကျောင်းများ၊ စုရပ်ဆောင်၊ ဆေးပေးခန်း၊ စာကြည့်တိုက်များလိုအပ်နေပါသည်။ ပညာပေးသင်တန်းများ၊ အိမ်တွင်း လက်မှုပညာ များလည်း များစွာလိုအပ်နေပါသည်။ ကျေးရွာမှာ ဖွံ့ဖြိုးမှု အလွန်နောက်ကျနေပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် လှိုင်ကော်၊ ကျေးရွာအုပ်စု-နွားလပိုး၊. ကျေးရွာ-ကျောက်ကြီး(တောင်)၊ ရက်စွဲ ၁၇.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | - | - | - |
| အလယ်အလတ် | စက် ၊ သွပ်မိုး ၊တောင်ယာ(၈)ကေအထက် ၊ ဆိုင်ကယ်(၁)စီး၊စက်ဘီး(၂)စီး၊ နွား(၂)ကောင်။ | ၁၂အိမ် | ၃၄.၂% |
| ဆင်းရဲ/နွမ်းပါး | လယ်ယာမရှိ၊လက်လုပ်လက်စား၊ သက်ကယ်မိုး ၊စက်ဘီး(၁)စီး။ | ၂၃အိမ် | ၆၅.၇% |
| စုစုပေါင်းအိမ်ထောင်စု | | ၃၅အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၃၂ဦး

မ-၂၂ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဂင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ကျောက်ကြီး(တောင်)ကျေးရွာ၏အိမ်ခြေမှာ(၁၁၀)အိမ်ရှိပါသည်။ကျောက်ကြီး(တောင်) ကျေးရွာကို လူတန်းစားအားဖြင့် အဆင့်(၃)ဆင့်ဖြင့် သုံးသပ်၍ သတ်မှတ်ကြသည်-

**အဆင့် (၁) ချမ်းသာလူတန်းစား**

**အဆင့် (၂) အလယ်အလတ် လူတန်းစား**

**အဆင့် (၃) ဆင်းရဲလူတန်းစား** ဟူ၍ ဖြစ်သည်။

**ချမ်းသာလူတန်းစား**

ကျောက်ကြီး(တောင်)ကျေးရွာအနေဖြင့်ချမ်းသာအဆင့် သတ်မှတ်မထားသည့် အကြောင်းအရင်းမှာကျေးရွာအနေဖြင့် သေးငယ်သောကြောင့်သော်လည်းကောင်း၊ ဝင်ငွေရှိသော်လည်းအကြွေးဖြင့်သာ ကုန်ဆုံးနေရပြီး အိမ်များမှာအုတ်အိမ်များဆောက်သော်လည်း ကျေးရွာအနေဖြင့် ချမ်းသာသည်ဟု သတ်မှတ်၍ မရသောကြောင့် ချမ်းသာအဆင့်မရှိခြင်းဖြစ်ပါသည်။







**အလယ်အလတ် လူတန်းစား**

အလယ်အလတ်အဆင့်တွင်ရှိနေသောအိမ်ထောင်စု(၁၂)အိမ်ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၃၄.၂%)ရှိပါသည်။ ထိုအဆင့်တွင်ရှိနေသောသူများသည် စိုက်ပျိုးခြံနည်းပါးခြင်း၊ မိရိုးဖလာအလုပ်ကိုသာစွဲမြဲ၍လုပ်ကိုင်ကြခြင်း၊ ရပ်ရွာကိစ္စတွင်သာလုပ်ကိုင်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်၊ ဝင်ငွေထွက်ငွေမကိုက်ညီခြင်းနှင့်မျိုးစေ့လုံလောက်မှု မရှိခြင်းစသည် အချက်များကြောင့် သုံးသပ်ရပါသည်။ အလယ်အလတ်အဆင့်၏ တစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေမှာသိန်း( မှ )အကြား ငွေဝင်ပြီးရာသီဥတုပေါ်မူတည်၍လည်းအနည်းအများကွာခြားသည်။အလည်အလတ်တွင် တစ်ချို့သောသူများမှာ အိမ်များမှာ အုတ်တိုက်များဖြင့် နေသော်လည်း ဝင်ငွေနည်းခြင်းကြောင့် အလယ်အလတ်တွင် ရှိနေရခြင်းဖြစ်ပါသည်။

**ဆင်းရဲလူတန်းစား**

ဆင်းရဲအဆင့်တွင်ရှိနေသောအိမ်ထောင်စု(၂၃)အိမ်ရှိပြီးရာခိုင်နှုန်းအားဖြင့် (၆၅.၇%) ရှိပါသည်။ ထိုအဆင့်တွင်ရှိနေသောသူများသည် စိုက်ပျိုးခြံလုံးဝမရှိခြင်း၊ အသိပညာနည်းပါးခြင်း၊ အတိုးပေါ်အတိုးဆင့်၍ ဆပ်နေရခြင်းနှင့် ဝင်ငွေနည်းပါးခြင်း စသည်တို့ကြောင့် သုံးသပ်ရပါသည်။ ပုံမှန်တစ်နစ်ဝင်ငွေမရှိပေ။ အဘယ်ကြောင့်ဆိုသော် အတိုးပြန်ဆပ်နေရသောကြောင့် ဝင်ငွေကုန်ပြီး မိသားစု စားဝတ်နေရေး အတွက်ပင် တစ်ခါတစ်ရံ အခက်အခဲဖြစ်တတ်ပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဧပြီလ | မေလ | ဇွန်လ | ဇွန်လိုင်လ် | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဂါရီလ | ဖေဖော်ဂါရီလ | မတ်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | Θ |  |  |  |  |  |  |  |  |  | Θ |
| စိုက်ပျိုးရေး | | |  |  |  | ပေါင်း | လိုက် | ရိတ် | သိမ်း | | | |
| ဝင်ငွေ/ထွက်ငွေ | | $$ | $$ | $$ | | | $$ | $$ | $$ / $$ | $ | $$$ | |
| ကျန်းမာရေး | ဝမ်းပျက် | ဝမ်းလျော | | | | တုတ်ကွေး | နာစေး | ချောင်းဆိုး | တုပ်ကွေး | | | |
| ပွဲလမ်းသဘင် | ကျောင်း | တက်ပွဲ | | | | | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | | | | ပအိုဝ့်အမျိုးသားနေ့ |
| သောက်သုံးရေရရှိမှု | ရေ | ရှား | လုံ | လောက် | မှုရှိ | | | ရေ | ရှား | လုံ | လောက် | |
| အလုပ်အားလပ်ချိန် | အားလပ်ချိန် | | | | | | | | | | အား | လပ်ချိန် |

ပါဝင်ဆွေးနွေးသူ -
ကျား - ၃၂ဦး
မ - ၂၂ဦး

မှတ်တမ်းတင်သူ
အမည် - ဒေါ်ခင်မြိုင်ဝင်း
ရာထူး - လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

**ရာသီဥတု**

ကျောက်ကြီး(တောင်)အနေဖြင့် ဖွန်လမှ စက်တင်ဘာလတို့တွင် မိုးကောင်းပြီး တစ်ချို့သော နှစ်များတွင် အောက်တိုဘာလထိ မိုးရွာသွန်းတတ်သည်။ထိုသို့သောနှစ်များတွင် စပါး၊ ပြောင်းများ ပျက်စီးပြီးဂင်ငွေနည်းပါးသည်။အောက်တိုဘာလ မှ ဇန်နဂါရီလထိ ဆောင်းတွင်း ကာလဖြစ်ပြီး ကုန်းအနည်းငယ်မြင့်သောနေရာတွင် ကျေးရွာတည်ရှိသောကြောင့် အအေး အနည်းငယ်ပိုပါသည်။

**စိုက်ပျိုးရေး (စပါး၊ပြောင်း ၊ပဲစင်းငုံ ၊ဌက်ပျော် ၊ ငရုတ်)**

မေလမှဩဂုတ်လအတွင်းစိုက်ပျိုးကြပြီး စက်တင်ဘာလမှအောက်တိုဘာလအထိ ပေါင်း လိုက်ခြင်းများ ဆောင်ရွက်ကြသည်။ နိုဂင်ဘာလမှ ဇန်နဂါရီလတို့တွင် ရိတ်သိမ်းခြင်းကို ဆောင်ရွက်ကြ ကသည်။ ပေါင်းလိုက်သောလများနှင့် ရိတ်သိမ်းသောလများတွင် ကျေးရွာအတွင်း အလုပ် အကိုင်အခွင့်အလမ်း အနည်းငယ်ရှိပါသည်။ ရွာနီးနားတွင်လည်း ထိုအချိန်တွင် သွားရောက် လုပ်ကိုင်နိုင်သည့်အတွက် စားဂတ် နေရေး အနည်းငယ်ဖူလုံပါသည်။

**ဂင်ငွေထွက်ငွေ**

မေလမှ ဖွန်လိုင်လအထိ ထွက်ငွေများသာရှိပြီး အောက်တိုဘာလ မှ ဖေဖော်ဂါရီ လအထိ ဂင်ငွေ များနှင့် အတူထွက်ငွေ အနည်းငယ်ရှိပါသည်။ ဂင်ငွေများနည်းပြီး ထွက်ငွေများသော ကြောင့်ကျေးရွာ အနေဖြင့် ချမ်းသာမှုနိမ့်ကျနေပါသေးသည်။ ထွက်ငွေများမှာ လုပ်ငန်းများအတွက် မြေဩဇာများ အပင်အားတိုးဆေးများ၊ လုပ်သားများငှားရမ်းရခြင်း စသည်တို့ကြောင့် ထွက်ငွေများ တစ်နှစ်ပတ်လုံး ရှိခြင်းဖြစ်ပါသည်။

## ကျန်းမာရေး

ကျေးရွာအတွင်း ဧပြီလ နှင့် မေလများတွင် ဂမ်းပျက်ဂမ်းလျောအဖြစ်များပါသည်။ ကျေးရွာအတွင်းအိမ်သာများသန့်ရှင်းမှုနည်းပါးသောကြောင့်ဖြစ်ပါသည်။ အိမ်သာများမှာ ယင်လုံအိမ်သာများသော်လည်း သန့်ရှင်းမှုအားနည်းကြသည်။ စက်တင်ဘာလ မှ ဒီဇင်ဘာလအထိ နာစေး၊ ချောင်းဆိုး၊ တုတ်ကွေးရောဂါများ အဖြစ်များပါသည်။ ရာသီဖျားနာများသာ အဖြစ်များပါသည်။ ထိုသို့ရောဂါများဖြစ်ပွားပါကလည်းဆေးခန်းတိုဖြင့်သာ ကုသကြပါသည်။

## ပွဲလမ်းသဘင်

ကျေးရွာအနေဖြင့် ဘာသာရေးပွဲတော်များ ဖြစ်သော ကျောင်းတက်ပွဲ၊ သီတင်းကျွတ်ပွဲ နှင့် ကထိန်ပွဲတော်များကို ကျေးရွာအတွင်း အလေးထားပြီး ကျင်းပကြပါသည်။ တစ်ခြား ရိုးရာပွဲတော်များ အနေဖြင့် ပအိုဝ့်အမျိုးသားနေ့ကို ကျင်းပကြပါသည်။

## သောက်သုံးရေရရှိမှု

ဇွန်လ မှအောက်တိုဘာလထိ ရေလုံလောက်မှုရှိပြီး နိုဝင်ဘာလ မှ ဒီဇင်ဘာလအတွင်းတွင် ရေအနည်းငယ်ရှားပါသည်။ ဇန်နဝါရီလ မှ မတ်လအထိ သောက်သုံးရေပြန်လည် လုံလောက်ပြီး ဧပြီလမှ မေလတွင် တစ်နှစ်ပတ်လုံး၏ ရေအရှားဆုံးကာလဖြစ်ပါသည်။

## အားလပ်ချိန်

ကျေးရွာအတွင်း ဖေဖော်ဝါရီလ မှ ဧပြီလအထိအလုပ်ပါးသောလများဖြစ်ပြီး အားလပ်ချိန် အနည်းငယ်ရရှိပါသည်။ ကျေးရွာအတွင်း တစ်ချို့သော ကျေးရွာ/ကျေးရွာသားများမှာ သီးနှံစိုက်ပျိုးရန် မြက်ရှင်းခြင်း၊ မြေထည်ခြင်းများပြုလုပ်ကြသည်။ ကျန်ရာသီများမှာ စိုက်ပျိုးခြင်းဖြင့်သာ အချိန်ကုန်ပြီး အလုပ်များပါသည်။

# အရင်းအမြစ်သုံးစွဲမှု/ထိန်းချုပ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကိုင်းရှည် | အပ်ချုပ်စက် | လမ်း |
| ထော်လဂျီ | | ရေတွင်း |
| ကျွဲ ၊နွား | | ရေထွက်ပေါက် |
| | | သစ်တော |
| | | ဘုန်းကြီးကျောင်း |
| | | ဖုန်း/TV/EVD |
| | | ဆိုင်ကယ်/စက်ဘီး |
| | | တောင်ယာ၊လယ်ယာ |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၃၂ဦး

မ - ၂၂ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

ကျောက်ကြီး(တောင်)ကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီးတို့၏


**(၁) အရင်းအမြစ် သုံးစွဲမှု**

**(၂) အရင်းအမြစ် ထိန်းချုပ်မှု** တို့ကို ဆွေးနွေးဆန်းစစ်ကြည့်ရာတွင်

အရင်းအမြစ်သုံးစွဲမှုတွင်အမျိုးသမီးများအနေဖြင့်အပ်ချုပ်စက်ပင်ဖြစ်သည်။ ကျောက်ကြီး(တောင်) ကျေးရွာအနေဖြင့် အမျိုးသမီးများမှာ တစ်ခြားသောလက်မှုပညာများကို စိတ်ဝင်စားမှုအားနည်းခြင်း၊ စားဝတ်နေရေးအတွက်သာလုံးပန်းနေရခြင်း၊ ပြင်ပပညာဗဟုသုတနည်းပါးခြင်းတို့ကြောင့် တစ်ခုသာရှိရခြင်းဖြစ်သည်။ အမျိုးသားများသုံးစွဲမှုတွင်ထော်လဂျီ၊ ကိုင်းရှည်နှင့် ကျွဲ၊ နွားတို့ဖြစ်ပြီး အမျိုးသားများအနေဖြင့်လည်း အိမ်ထောင်ဦးစီးဖြစ်ခြင်း၊ ကျန်းမာသန်စွမ်းခြင်း၊ စက်ပစ္စည်းများကို နားလည်တတ်ကျွမ်းခြင်းတို့ကြောင့် အမျိုးသားများပိုမို သုံးစွဲရခြင်းဖြစ်ပါသည်။ ဘုန်းကြီးကျောင်း၊ လမ်း၊ ရေထွက်ပေါက်၊ သစ်တော၊ တောင်ယာ၊ လယ်ယာ၊စက်ဘီး၊ ဆိုင်ကယ်၊ ဖုန်း၊ TVနှင့် EVDတို့ကို အတူတကွသုံးစွဲကြပါသည်။

အရင်းအမြစ်ထိန်းချုပ်မှုတွင် အမျိုးသမီးများမှာ အပ်ချုပ်စက်ပင်ဖြစ်ပါသည်။ အမျိုးသားများမှာ ထော်လဂျီ၊ ကိုင်းရှည် နှင့် ရေထွက်ပေါက်တို့ဖြစ်ပြီး အမျိုးသမီးများ နားမလည်မကျွမ်းကျင်သောကြောင့် အမျိုးသားများသာထိန်းချုပ်ခြင်းဖြစ်ပါသည်။ ဘုန်းကြီးကျောင်း၊ တောင်ယာ၊ လယ်ယာ၊ စက်ဘီး၊ ဆိုင်ကယ်၊ ဖုန်း၊ ရေတွင်း၊ ကျွဲ၊ နွား၊ TV၊ EVDနှင့် သစ်တောတို့ကို အတူတကွထိန်းချုပ်ကြပါသည်။ အမျိုးသမီးများအနေဖြင့်ထိန်းချုပ်မှုနည်းရခြင်းမှာအစဉ်အလာအရ အမျိုးသားများကိုသာအရာအားလုံးထိန်းချုပ်ရမည်ဟူသော ရှေးအယူအဆအတွေးအခေါ်များကို ကျင့်သုံးနေသေးသောကြောင့်ဖြစ်ပါသည်။ ကြက်မွေးခြင်း၊ ရောင်းခြင်းကို အမျိုးသမီးများသာ ထိန်းချုပ်ပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၃၂

မ - ၂၂

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခင်မြိုင်ဂင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

**ဆုံးဖြတ်ပိုင်ခွင့်**

ကျောက်ကြီး(တောင်)ကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီး ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသမီးများထက်အမျိုးသားများ ပိုမိုများရခြင်းမှာ အမျိုးသားများမှာ အိမ်ထောင်ဦးစီးဖြစ်ခြင်း၊ အမျိုးသား၏ ဆုံးဖြတ်ချက်အတိုင်းသာလုပ်ဆောင်ကြခြင်းနှင့် အမျိုးသမီးကိုယ်တိုင် ဆုံးဖြတ်ချက်ရာတွင် မှားယွင်းသွားမည်ကို စိုးရိမ်သောကြောင့် အမျိုးသားများ၏ ဆုံးဖြတ်ချက်အတိုင်းသာ နေထိုင်ကြ သည်။

**လုပ်အားခတန်းတူရရှိမှု**

လုပ်အားခတန်းတူရရှိမှုတွင် အမျိုးသားများနှင့် အမျိုးသမီးတန်းတူရရှိနေရခြင်း အကြောင်းမှာ လုပ်ကိုင်သောလုပ်ငန်းတူညီခြင်း၊ အမျိုးသမီးများအနေဖြင့် အတန်းပညာပိုမို အောင်မြင်သောကြောင့်လုပ်ခအားရချိန်တွင်တန်းတူရရှိခြင်းဖြစ်ပါသည်။ အမျိုးသား/သမီးများမှာ စိုက်ပျိုးရေးကို အများအားဖြင့် အတူတူလုပ်ကိုင်ဆောင်ရွက်ကြသောကြောင့် လုပ်အားခတန်းတူရရှိခြင်းဖြစ်ပါသည်။

**ဦးဆောင်ခွင့်**

ဦးဆောင်ခွင့်တွင် အမျိုးသားများ ပိုမိုဦးဆောင်ခွင့်ရခြင်းမှာ မိရိုးဖလာအစွဲအရ သော်လည်းကောင်း၊ လူမျိုး၏ထုံးတမ်းဓလေ့အရသော်လည်ကောင်း အမျိုးသားများသာ ကိစ္စအရပ်ရပ်ကို ဦးဆောင်လာခဲ့ကြခြင်း၊အမျိုးသမီးများအနေဖြင့် ဦးဆောင်ခြင်သော ဆန္ဒနည်းပါးပြီး ဦးဆောင်ဖို့ရန်လည်း ကြောက်ရွံ့နေကြ ခြင်း တို့ကြောင့်ဖြစ်သည်။

**အလုပ်အကိုင်ရရှိမှု**

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများနှင့် အမျိုုသမီးများတူညီနေခြင်းမှာ အမျိုးသားအနေဖြင့်လည်း မည်သည့် အလုပ်အကိုင်မဆို လုပ်ကိုင်ရန်အဆင်ပြေခြင်း၊ မိမိ ကျေးရွာတွင် အလုပ်အကိုင် ရှားပါးပါက ရွာနီးနားတွင် သွားရောက်လုပ်ကိုင်နိုင်ကြပြီး အမျိုးသမီးများအနေဖြင့် လည်း

အတန်းပညာပိုမိုအောင်မြင်သောကြောင့် အလုပ်ပိုမိုရရှိ နိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း အမျိုးသမီးများကို ပိုမိုငှားရမ်းသောကြောင့် တူညီနေရခြင်းဖြစ်ပါသည်။

**အိမ်တွင်းမှု**

ကျေးရွာအတွင်းအမျိုးသားများမှာ မိမိအမျိုးသမီးမအားလပ်ပါက အိမ်မှုကိစ္စကို လုပ်ကူကြသည်။ အမျိုးသား /အမျိုးသမီးအလုပ်ခွဲခြားထားခြင်း မရှိဘဲအတူတူလုပ်ကိုင်ကြသည်။ တစ်ချို့သော အမျိုးသားများမှာ အိမ်မှုကိစ္စတာဝန်ယူပြီး အမျိုးသမီးများအနေဖြင့် တောင်ယာ၊ လယ်ယာ လုပ်ကိုင်ကြရသည်။ ထို့ကြောင့် အဆင့်တူနေခြင်းဖြစ်ပါသည်။

**ပူးပေါင်းပါဝင်ခွင့်**

ပူးပေါင်းပါဝင်ခွင့်တွင် အများအားဖြင့် ကွာခြားမှုမများသော်လည်း အမျိုးသားများ အချို့မှာ အမျိုးသမီးများကို အိမ်မှာသာနေခိုင်းပြီး ရပ်ရွာကိစ္စနှင့် အချို့ကိစ္စများတွင် ပူးပေါင်းပါဝင်ခွင့် မပေးကြပေ။တစ်ခါတစ်ရံကိစ္စများတွင်သာ ပူးပေါင်ပါဝင်စေသည်။


**ပညာသင်ကြားခွင့်**

ပညာသင်ကြားခွင့်တွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူ အခွင့်အရေးရကြ ပြီး ယခင်ကဲ့သို့ အမျိုးသမီးများကို ပညာသင်ခွင့် ပိတ်ပင်ထားခြင်း မရှိတော့ဘဲ ယခုအခါ တန်းတူအခွင့် အရေး ရကြပါသည်။ ယခုအခါ အမျိုးသမီးများမှာ အမျိုးသားထက် ပိုမိုထူးချွန်ကြပြီး ပညာ သင်ကြားမှု ပိုမိုများပြားကြပါသည်။ အမျိုးသားများမှာ ပညာသင်ခြင်စိတ်နည်းပါးခြင်း၊ အလုပ် ကိုသာ လုပ်ကိုင်ကြခြင်းကြောင့် ယခုအခါ ပညာသင်ကြားသူ နည်းပါးလာကြသည်။

**အမွေရပိုင်ခွင့်**

အမွေရပိုင်ခွင့်တွင် ပအိုဝ့်လူမျိုးများနေဖြင့် အမျိုးသား၊အမျိုးသမီး ခွဲခြားခြင်း မရှိဘဲ တန်းတူအမွေရပိုင်ခွင့်ကိုရရှိကြသည်။အမွေကိုပိုင်ဆိုင်လိုခြင်းစိတ်ထက်ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစား အားထုတ် မှုကိုသာ ပိုမိုမြတ်နိုး တန်ဖိုးထားကြသည်။

# အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၃၂

မ - ၅၂

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဂင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

**အုပ်ချုပ်ရေးမှူးအဖွဲ့**

ကျေးရွာ၏ အာဏာအရှိဆုံး ဩဇာအညောင်း ဆုံးအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကျေးရွာအကျိုးကို အတူတကွ လုပ်ကိုင်ဆောင်ရွက်ပေးသည်။ပြသနာများကို အဖွဲ့ဝင်များက စည်းလုံးစွာ တိုင်ပင်ညှိနိူင်း ဖြေရှင်းပေး ကြသည်။ သာရေး၊ နာရေး ကိစ္စရပ်များတွင်လည်း ကျေးရွာနှင့် အတူပါဝင် ဆောင်ရွက်ပေးသည်။

**လူငယ်ကော်မတီ**

ကျေးရွာအတွင်းလူငယ်အဖွဲ့ကို လည်းဖွဲ့စည်းထားပါသည်။လူငယ်များ အနေဖြင့် ရပ်ရွာ လုပ်အားပေးများ၊ ဧည့်ခံကျွေးမွေးရေးနှင့်သာရေး၊ နာရေးများတွင်အဓိကပိုင်းဝန်းကူညီကြသည်။ ရိုးရာပွဲလမ်းသဘင်ပွဲတော်များတွင် လူငယ်များက ရိုးရာအကများကိုလည်း ဦးဆောင်ပြီး ကကြပါသည်။

**လျှပ်စစ်မီးကော်မတီအဖွဲ့**

ရွာအတွင်း မီးရရှိဖို့ရန် ရုံးတို့တိုင်ပင်ဆွေးနွေးရာတွင် သွားပေးခြင်း ၊ မီးသီး ၊ မီးကြိုး နှင့် မီတာ ဘောက်များ သွားရောက်ဝယ်ယူရာတွင် ကူညီပေးခြင်း ၊ဝယ်ပေးခြင်းများပြုလုပ်ပေးပါသည်။ မီးတစ်စုံ တစ်ခုဖြစ်ပါကလည်းသက်ဆိုင်ရာမီးလင်းဌာန သို့ ဆက်သွယ်ပေးခြင်းတို့ကို လုပ်ဆောင်ပေး ကြပါသည်။

**ကျန်းမာရေးအဖွဲ့**

ကျေးရွာအတွင်းလိုအပ်သောကျန်းမာရေးဆိုင်ရာ အသိပညာများကိုဖြန့်ဝေပေးခြင်းနှင့် နာမကျန်း သူများ အားဆေးကုသမှုဆောင်ရွက်ပေးခြင်းနှင့် သက်ကြီးရွယ်အိုများအား အခမဲ့ ကုသပေးခြင်းများကို ဆောင်ရွက်ပါသည်။

**လူထုဗဟိုပြုစီမံကိန်း**

ထိုစီမံကိန်းများအနေဖြင့် ကျေးရွာအတွင်း လိုအပ်သော အခြေခံအဆောက်အအုံများကို ဆောက်လုပ်ပေးပြီး ကျေးရွာလူထုအသိပညာ၊ အရည်အသွေးတိုးတက်လာဖို့ရန်အတွက် သင်တန်း ပေးပြီး ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ကြပါသည်။

Save the Children

ကျန်းမာရေးသင်တန်းပေးခြင်း၊ ဌက်ဖျားသွေးဖေါက်စစ်ပေးခြင်း၊ ခြင်ထောင်၊ အိမ်သာခွက်၊ ပိုက် ၊ ရေပုံး၊ ရေခွက်၊ ဆပ်ပြာနှင့် ဘရက်(စ်)များကို ဝေငှာပေးပါသည်။ ကျေးရွာအတွင်း ဌက်ဖျားဆေးများ ထားရှိပေးပါသည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်နှင့် (၅)နှစ်အောက်ကလေးများ အရေးပေါ်ဆေးရုံ သွားစရိတ်များကို ထောက်ပံ့ပေးခြင်း နှင့် တစ်လတစ်ကြိမ် အသိပညာပေး

ဟော်ပြောပွဲများ ပြုလုပ်ပေးပါသည်။ ယခင်က UNDP အဖွဲ့အစည်း ဝင်ရောက်မှုရှိခဲ့သော်လည်း ယခုအခါ ထိုကော်မတီများ၊ အဖွဲ့ဝင်များ ဆက်လက်လုပ်ဆောင်ခြင်းများ မရှိတော့ပါ။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

### ကျေးရွာစီထောက်ကော်မတီဥက္ကဌ
ဦးသောင်းဖေ

ဒေါ်ပြုံးရွှေ

### စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ
ဦးကံ

ဒေါ်ဗိုလ်ခယ်

### လည်ပတ်ထိန်းသိမ်းရေး ကော်မတီ
ဦးသိန်းမောင်

ဒေါ်မလာ

### ဂယ်ယူရေး ကော်မတီ
ဦးမောင်တီး

ဒေါ်နန်းဆမ်း

### ကျေးရွာစေတနာ့ဝန်ထမ်း
၁။ဦးချစ်ဦး

၂။ဒေါ်ပြုံးရီ

### ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့
၁။ဦးမောင်ကြီး


၂။ဒေါ် ခင်ကြည်

### စာရင်းကိုင်
ဦးစိန်ဖူး

ပါဝင်ဆွေးနွေးသူ -
ကျား - ၃၂
မ- ၂၂

မှတ်တမ်းတင်သူ
အမည်- ဒေါ် ခင်မြိုင်ဂင်း
ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -
ကျား -၃၂ဦး
မ- ၂၂ဦး

မှတ်တမ်းတင်သူ
အမည်- ဒေါ်ခင်မြိုင်ဝင်း
ရာထူး-လူထုစည်းရုံးရေးမှူး

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးခံလှ | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉783238457 | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်မြင့်ဝင်း | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု နွားလဖိုး | ကျေးရွာ ကျောက်ကြီး (တောင်) | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပအိုဝ် | ၃၃ | ဘာသာ (၁) ဗုဒ္ဓ | ၃၃ |
| လူမျိုးစု (၂) ကယား | ၂ | ဘာသာ (၂) ဗုဒ္ဓ | ၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | ၃၅ |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၈ | ၆၁ |
| လူမျိုးစု (၁) ပအိုဝ် | ၈၃ | ၆၀ |
| လူမျိုးစု (၂) ကယား | ၅ | ၁ |
| လူမျိုးစု (၃)---------- | | |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 28 | 7 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ 2005 - 2006 (UNDP)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/(မသိပါ)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ပဟိုမှ ၎င်းကျေးရွာအုပ်စု၏ပဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-------/(မသိပါ) 0.75 မိုင်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---10 မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---10 မိနစ်--- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]-------------------

(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ 10.11.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဆုမြိုင်ဝင်း

လက်မှတ် နေ့စွဲ 10.11.2017

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်ခင်မြင့်ဝင်း | | | |
| နေ့စွဲ 19.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဒွါးလဖိုး | ကျေးရွာ ကျောက်ကြီး (တောင်) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.10.2017 | 19.10.2017 | 18 | 13 | 31 | ပအို့(ဗုဒ္ဓ) (31)ယောက် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.10.2017 | 19.10.2017 | 18 | 13 | 31 | ပအို့(ဗုဒ္ဓ) \| (31)ယောက် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 10.11.2017 | 10.11.2017 | 43 | 33 | 76 | ကယား(28) \| ပအို့(25) ကရင်(6) ကယန်း(12) \| ရှမ်း(3) ဗမာ(2) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | \| |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် | | | | | | \| |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြိုင်ထွေး | | | |
| နေ့စွဲ ၁၉.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/~~တိုင်း~~ ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားလားဖိုး | ကျေးရွာ ကျောက်ကြီး(တောင်) |

က။ **အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာရေသုံးရန် နေရာမရှိ။ | ၁ | အလုပ်အကြောက်ကြီးခြင်း။ |
| ၂ | ရေလုံလောက်မှုမရှိခြင်း။ | ၂ | ပညာမတတ်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါး။ |
| ၃ | ရွာလမ်းကြားများ အားလုံး မိုးရာသီတွင်လမ်းချော်သောကြောင့် သွားလာရခက်ခဲ။ | ၃ | တစ်နှစ်ပတ်လုံး ရွာလမ်းကြားများအားလုံး သွားလာရခက်ခဲ။ |
| ၄ | ကလေးများ ပညာဆုံးခန်း တိုင်အောင် မသင်ကြားနိုင်။ | ၄ | နွေရာသီတွင် သောက်သုံးရေရှားပါး။ |
| ၅ | အလုပ်အကိုင်ရှားပါးသောကြောင့်ဘဝတိုးတက်မှုမရှိ။ | ၅ | အသိပညာ ဗဟုသုတ အလွန်နည်းပါး။ |
| ၆ | အတိုးပြန်ဆပ်ခြင်းနှင့်လည်ပတ်နေသောကြောင့် စီး | ၆ | |
| ၇ | ပွားရေး မပြေလည်။ | ၇ | |
| ၈ | မြေယာနည်းပါး၊ စိုက်စားဖို့မြေနေရာမရှိ။ | ၈ | |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |

ခ။ **မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာစည်းလုံးပြီး အစည်းအဝေးနေရာ အတိအကျရှိရန်။ | ၁ | ဦးဆောင်မှုနှင့် လူတော်တိုးလာစေရန်။ |
| ၂ | သောက်သုံးရေလုံလောက်စွာရရှိနိုင်ရန်။ | ၂ | ကျေးရွာအတွင်း စာသင်ကျောင်းရှိလာပြီး ပညာရေးကို ဦးစားပေးလာစေရန်။ |
| ၃ | ကျေးရွာအတွင်း အခွင့်လမ်းကောင်းများ ရှိသွားနိုင်ရန်။ | ၃ | ကျေးရွာအတွင်းလမ်းကောင်း လာမှုနှင့် အတူတိုးတက်လာစေရန်။ |
| ၄ | အလုပ်အကိုင်အတည်တကျ ရှိလာစေရန်။ | ၄ | အိမ်တိုင်းကိုယ်စီ ရေလုံလောက်မှုရရှိဖို့ရန်။ |
| ၅ | စိုက်ပျိုးရေး ဘာသာ တစ်ခြားလက်မှုပညာ | ၅ | ကျေးရွာစာကြည့်တိုက်များရှိလာပြီး စာပေကိုပိုမို |
| | များ တက်မြောက်ပြီး အဆင်ပြေလာစေရန်။ | ၆ | ဖတ်အားကောင်းလာစေရန်။ |
| | | ၇ | |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးခန်းမဆောက် | က+မ | | |
| ၂ | ကျောက်ခင်းလမ်းခင်းခြင်း | က+မ | | |
| ၃ | လမ်းကိုတာဖြည့်ခြင်း | က+မ | | |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | / |
| ၇ | | | | |
| ၈ | | | | |

ယ။ လုပ်ထုံးစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လက်မှုပညာသင်တန်း | မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ----ဦးအောင်ဝေ---- လက်မှတ် ----beng---- နေ့စွဲ--19.10.2017--

# လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် ဒုတိယအကြိမ်အစည်းအဝေး

**ကျေးရွာ** - ကျောက်ကြီး (တောင်)

**နေ့ရက်** - ၁၉.၁၀.၂၀၁၇( ကြာသပတေး )

**နေရာ** - ကျောက်ကြီး (တောင်) ဘုန်းကြီးကျောင်း

**အစည်းအဝေးအစီအစဉ်**

(၁)--အဖွင့်အမှာအစကားကို ကျေးရွာအုပ်ချုပ်ရေးမှုးဦးစံလှမှ ပြောကြားပေးခြင်း။

(၂)--လူထုစည်းရုံးရေးမှုးနှင့် လက်ထောက်အင်ဂျင်နီယာမှုးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။

(၃)--စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းစက်ဝန်းအကြောင်းရှင်းလင်း ခြင်း။

(၄)--လူမှုဆန်းစစ်ခြင်းများ ပြန်လည်သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်း။

(၅)--ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကို (ဒုတိယနှစ်စက်ဝန်း)အတွက် ပြန်လည်အတည်ပြုဖွဲ့စည်းခြင်း။

(၆)--ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း။

(၇)--လက်ထောက်အင်ဂျင်နီယာမှုးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင်
လုပ်ငန်းများရှင်းလင်းတင်ပြခြင်း။

(၈)--ကျေးဇူးတင်စကားပြောကြားခြင်းနှင့် အစည်းအဝေးပိတ်သိမ်းခြင်း။

**အစည်းအဝေးတက်ရောက်သူဦးရေ**

**အမျိုးသား = ၁၃ယောက်**

**အမျိုးသမီး = ၁၈ ယောက်**

**စုစုပေါင်း = ၃၁ ယောက်**

**အစီအစဉ်(၁)** ကို နံနက် (၉း ၀၀)တွင်စတင်ကျင်းပပါသည်။ အဖွင့်အမှာစကားကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံလှမှ အဖွင့်အမှာစကားပြောကြားပေးပါသည်။ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။

**အစီအစဉ် (၂)** ကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြိုင်ဝင်းမှ စီမံကိန်းမိတ်ဆက်(၁၅)ချက်ကို ဦး ဆောင်ပြီး ရှင်းလင်းပေးခဲ့ပါသည်။လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါ သည်။

**အစီအစဉ် (၃)** လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြိုင်ဝင်းမှ စီမံကိန်းစက်ဝန်း အကြောင်း ကို ရှင်းလင်းပြောကြားပေးခြင်းနှင့်လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါ သည်။

**အစီအစဉ် (၄)** လူမှုဆန်းစစ်ခြင်းကို ဒေါ်လှုစီးယာ ၊ ဒေါ်စတယ်ဖီဟဲစေးထူး နှင့် ဒေါ်ခင်မြိုင်ဝင်းတို့မှဦးဆောင်၍

**၁။ လူမှုဆန်းစစ်ခြင်းပြမြေပုံကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

## ပြန်လည်သုံးသပ်ချက်

ကျောက်ကြီး(တောင်)ကျေးရွာ၏ အိမ်ခြေမှာယခင်နှစ်မှာအိမ်ခြေ(၃၄)အိမ်ဖြစ်ပြီး ယခုနှစ်တွင် အိမ်ခြေ(၃၅)အိမ်တိုးလာသည်။ ကျောက်ကြီး(တောင်)ကျေးရွာ တွင် အမျိုးသား (၈၈)နှင့် အမျိုးသမီး (၉၁)ဦး စုစုပေါင်း (၁၇၉)ဦးနေထိုင်ပါသည်။ မသန်စွမ်း (၁) ဦးနေထိုင်ကြပါသည်။ တစ်ရွာလုံးနီးပါး ပအိုဝ့်လူမျိုး များ ဖြစ်ကြပြီး ကယားလူမျိုး(၂)အိမ်နေထိုင်သည်။ ဗုဒ္ဓဘာသာတစ်ရွာလုံး ကိုးကွယ် ကြသည်။ အဓိကအသက်မွေးကျောင်းအားဖြင့် တောင်ယာ၊ လယ်ယာစိုက်ကြသည်။ စပါး၊ ပြောင်း ၊ပဲစင်းငုံနှင့် မြေပဲတို့ကိုသာ စိုက်ပျိုးကြသည်။ ကျန်ကျေးရွာ များတွင်အလုပ် သွားရောက်လုပ်ကိုင် သူများ လည်းရှိသည်။ လယ်ယာ၊တောင်ယာ နားချိန်တွင် နေ့စား၊အဌားလိုက်၊ ပြောင်းထိမ်း၊ပန်းရံနှင့် လက်သမား အလုပ်ကိုသာ လုပ်ကိုင်ကြသည်။ မိုးရာသီတွင် လမ်းများမကောင်း သောကြောင့် သွားလာရ ခက်ခဲပါသည်။ ကယန်းသာယာ (တောင်)၏ ကျေးလက်ဆေးခန်း တွင်သွားပြရသည်။ ကျောက်ကြီး(တောင်) တွင် စာသင်ကျောင်းမရှိသေးသဖြင့် ကလေးများအတွက် နှင့်ကျေးရွာအတွက် အလွန် ခက်ခဲပါသည်။ နွားလပိုးရွာမထိသွားရောက်တက်ရသည်။ ရေတိုင်ကီရှိသော်လည်း ရွာနီးနာများ လာရောက် ခပ်ယူ သောကြောင့် ရေလုံလောက်မှုမရှိပါ။ မူကြိုကျောင်း မရှိသည့်အတွက် အောင်သပြေကုန်းသို့ သွားရောက်ထားရသည်။သို့သော်ကလေးများ အနိုင်ကျင့်ရသော ကြောင့် ကလေးများအတွက် အဆင်မပြေမှု ဖြစ်လာသည်။

(၂) ဥစ္စာဓနကြွယ်ဝမှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ယခုနှစ်တွင် ကျောက်ကြီး(တောင်) အနေဖြင့် ချမ်းသာအဆင့်တွင်သတ်မှတ်ထားခြင်းမရှိပေ။ အလယ်အလတ်တွင် လည်း စက်ဘီး (၂)စီးအထက်နှင့် တောင်ယာ (၅)ဧကမှ (၈)ဧကအထက်တိုး လိုက်ပြီး အိမ်ခြေမှာ(၁၀)အိမ်မှ (၁၂)အိမ်အထိတိုးလာပြီး ဆင်းရဲနွမ်းပါးတွင် အိမ်ခြေ(၂၄)မှ (၂၃)အိမ် လျော့နည်း သွားကြောင်းသုံးသပ်ရရှိခဲ့ပါသည်။ ကျန်များမှာယခင်အတိုင်းဖြစ်ပါသည်။

(၃) အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုတွင် EVD ၊ဖုန်း ၊ စက်ဘီးထပ်မံတိုးလာပြီး ကျန်များမှာ ယခင်နှစ်အတိုင်းဖြစ်ပြီး ပြောင်းလဲမှုမရှိပေ။

(၄) ရာသီခွင်ပြ ပြက္ခဒိန်ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

စက်တင်ဘာလတွင် တုတ်ကွေးဖြစ်မှုတိုးလာပြီး ပွဲလမ်းသဘင်တွင် မတ်လတွင် ပဒိုဝ့်အမျိုးသားနေ့ ထပ်မံတိုးလာကာ သောက်သုံးရေတွင် ယခင် နိုဝင်ဘာလမှ မတ်လထိရေရှားပါးသော်လည်း ယခုအခါ ရေလုံလောက်ပြီး ဧပြီနှင့်မေတွင် ရေရှားပါးကြောင်း ပြန်သုံးသပ်ရပါသည်။ အားလပ်ချိန်တွင် ယခင် ဇန်နဝါရီတွင် အားလပ်သော်လည်း ယခုမှာ ဖေဖော်ဝါရီနှင့် မတ်လတို့သာ အားလပ်သည်။ ကျန်များမှာ ယခင်အတိုင်းဖြစ် ပါသည်။

(၅) ပင့်ကူအိမ်သုံးသပ်ခြင်း ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ဆုံးဖြတ်ပိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ပူးပေါင်းပါဝင်ခွင့် ၊ဦးဆောင်ခွင့်၊လုပ်အားခတန်းတူရရှိအမှု ၊အမွေရပိုင်ခွင့် နှင့် အလုပ်အကိုင် အခွင့်အလမ်း တို့မှာ ယခင်နှစ်အတိုင်းသာ ဖြစ်ပြီး အိမ်တွင်းမှုတွင် အမျိုးသားများ ယခင်နှစ် တွင် အဆင့် (၄)တွင်ရှိသော်လည်း ယခုနှစ်တွင် အဆင့်(၅)တွင်ရှိလာသည်။

(၆) အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

အသစ်တိုးလာသော အဖွဲ့အစည်း မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ( DRD ) မှာအသစ်တိုးလာပြီးကျန်များမှာ ယခင်နှစ်အတိုင်း ဖြစ်သည်။

၅။ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကို (ဒုတိယနှစ်စက်ဝန်း)အတွက် ပြန်လည်အတည်ပြုဖွဲ့စည်းခြင်း။

| | | |
|---|---|---|
| ကျေးရွာစီထောက်ဥက္ကဌ | (အမျိုးသား) -- ဦးသောင်းဖေ | |
| | (အမျိုးသမီး) -- ဒေါ်ပြုံးရွှေ | |
| ဝယ်ယူရေးဆပ်ကော်မတီ | (အမျိုးသား) -- ဦးမောင်တီး | |
| | (အမျိုးသမီး) -- ဒေါ်နန်းဆမ်း | |
| စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ | (အမျိုးသား) -- ဦးကံ | |
| | (အမျိုးသမီး) -- ဒေါ်ဗိုလ်ခယ် | |
| လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | (အမျိုးသား) -- ဦးသိန်းမောင် | |
| | (အမျိုးသမီး) -- ဒေါ်မလား | |
| ဝေဖန်အကြံပြုရေးဆပ်ကော်မတီ | (အမျိုးသား) -- ဦးမောင်ကြီး | |
| | (အမျိုးသမီး) -- ဒေါ်ခင်ကြည် | |
| ငွေစာရင်းဆပ်ကော်မတီ | (အမျိုးသား) -- ဒေါ်စိန်ဖူး | |
| ကျေးရွာစေတနာ့ဝန်ထမ်း | (အမျိုးသား) -- ဦးချစ်ဦး | |
| | (အမျိုးသမီး) -- ဒေါ်ပြုံးရီ | |

အစည်းအဝေးတက်ရောက်လာသော သူအားလုံး၏ သဘောတူညီမှုဖြင့် ကော်မတီ အဖွဲ့ဝင် အမျိုးသမီး (၆)ဦး ၊ အမျိုးသား (၇)ဦး စုစုပေါင်း ၁၃ဦးကို ရွေးချယ်ခဲ့ပါသည်။

## မျှော်မှန်းလျာထားချက်များ

**အမျိုးသား**

(၁)ကျေးရွာစည်းလုံးပြီး အစည်းအဝေးနေရာအတိအကျ ရှိရန်။

(၂) သောက်သုံးရေလုံလောက်စွာရရှိနိုင်ရန်။

(၃) ကျေးရွာအတွင်း အန္တရာယ်ကင်းစွာသွားနိုင်ရန်။

(၄)အလုပ်အကိုင်အတည်တကျရှိလာစေရန်။

(၅) စိုက်ပျိုးရေးသာမက တစ်ခြားလက်မှုပညာများ တက်မြောက်ပြီး အဆင်ပြေလာစေရန်။

**အမျိုးသမီး**

(၁) ဦးဆောင်မှု နှင့် လူတောတိုးလာစေရန်။

(၂)ကျေးရွာအတွင်း စာသင်ကျောင်းရှိလာပြီး ပညာရေး ကိုဦးစားပေးလာစေရန်။

(၃) ကျေးရွာအတွင် လမ်းကောင်းလာမှုနှင့်အတူတိုးတက် လာစေရန်။

(၄) အိမ်တိုင်းကိုယ်စီ ရေလုံလောက်မှုရရှိဖို့ရန်။

(၅) ကျေးရွာစာကြည့်တိုက်များရှိလာပြီး စာပေကို ပိုမို ဖတ်အားကောင်းလာစေရန်။

## ဒုတိယနှစ်စက်ဝန်းအတွက် ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ဦးစားပေးလုပ်ငန်းအမည် | အဆိုပြုသူ(က+မ) | အဆင့် |
|---|---|---|---|
| ၁ | အစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်း | က+မ | ၁ |
| ၂ | ကျောက်ခင်းလမ်းခင်းခြင်း | က+မ | ၂ |
| ၃ | လမ်းတံတားပြုပြင်ခြင်း | က+မ | ၃ |

(၇)--လက်ထောက်အင်ဂျင်နီယာမှုးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ် မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့)အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | အစည်းအဝေးခန်းမဆောင် တည်ဆောက်ခြင်း | မ (√)<br>ကျား(√) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း / စီးပွါးရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ၈ | မ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | ကျောက်ခင်းလမ်းခင်းခြင်း | မ( √)<br>ကျား√) | | | |
| | ၂ | လမ်းတံတားပြုပြင်ခြင်း | မ( √ )<br>ကျား (√) | | | |
| | ၃ | | မ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

## ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | အစည်းအဝေးခန်းမဆောင် တည်ဆောက်ခြင်း | | | √ | | |
| ၂။ | ကျောက်ချောလမ်းခြင်း | | | √ | | |
| ၃။ | လမ်းတံတားပြုပြင်ခြင်း | | | √ | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆

မ - ၁၈

မှတ်တမ်းတင်သူ

အမည်- ဒေါ် ခင်မြိုင်ဂင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



